ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၅
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို အနည်းဆုံး အခကြေးငွေနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ အနည်းဆုံးအခကြေးငွေ နည်းဥပဒေများ၏ နည်းဥပဒေ ၁၉ တွင် ပါရှိသော "အလုပ်သမားငါးဦးနှင့်အထက်" ဆိုသည့် စကားရပ်ကို "အလုပ်သမား ၁၆ ဦးနှင့်အထက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) အေးမြင့်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

၄၀။ အမျိုးသားကော်မတီသည် -

(က) အများပြည်သူသိရှိရန် ကြေညာပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ကန့်ကွက်ချက် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုချက်ရှိသည့်ကိစ္စတွင် ကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်သည့် အဖွဲ့အစည်း သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုသူ သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုသည့်အဖွဲ့အစည်း၏ တင်ပြချက်ကို သော်လည်းကောင်း၊ နည်းဥပဒေ ၃၉ အရ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက တင်ပြသည့်အမှုတွဲနှင့် သက်သေခံအထောက် အထား စာရွက်စာတမ်းများ၊ စုံစမ်းမေးမြန်းချက်များ၊ စစ်ဆေးချက်များနှင့် အဆိုပြု နှုန်းထားများကို သော်လည်းကောင်း သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် လေ့လာ စိစစ်ပြီး သက်ဆိုင်ရာ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရသတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အများ ပြည်သူ သိရှိနိုင်ရန် အမိန့်ကြော်ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထည့်သွင်းကြေညာရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

၄၁။ အမျိုးသားကော်မတီသည် -

(က) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေတို့နှင့်စပ်လျဉ်း၍ ပြောင်းလဲလာသော အခြေအနေများအရ အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများအတွက် သက်ဆိုင် ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့်ညှိနှိုင်း၍ တင်ပြလာသည့် အကြံပြုချက်များကို သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့၏ ပြန်လည်သုံးသပ်အကြံပြုချက်များကို သော် လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းဌာန၊ အဖွဲ့အစည်းများ၏ အကြံပြုချက်များကို သော်လည်းကောင်း၊ ယင်းအကြံပြုချက်များအပေါ် လုပ်ငန်းကော်မတီများ၏ သဘောထားမှတ်ချက်များကို သော်လည်းကောင်း ထည့်သွင်းစဉ်းစားပြီး သတ်မှတ် ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဆက်လက်အတည်ပြုခြင်းတို့ ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ အခါအားလျော်စွာ ပြင်ဆင်သော၊ ဆက်လက်အတည်ပြုထား သော အနည်းဆုံးအခကြေးငွေနှုန်းထားအား အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်

ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထုတ်ပြန်ကြေညာရေးအတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

(ဂ ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းတို့ပြုရာတွင် နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင် သော်လည်းကောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် သော်လည်းကောင်း လုပ်ကိုင်သည့် နိုင်ငံသားအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသည် ကျွမ်းကျင်မှုအလိုက် နိုင်ငံခြားသားအလုပ်သမားများ နည်းတူခံစားခွင့်ရှိစေရမည်။

(ဃ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ လုပ်ခ၊ လစာ သို့မဟုတ် အခကြေးငွေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ဖြစ်စေ အလုပ်သမားအား ပေးထားသော အခွင့်အရေး တစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။

၄၂။ ဦးစီးဌာနသည် ဤနည်းဥပဒေများအရ ထုတ်ပြန်သော အနည်းဆုံးအခကြေးငွေအမိန့်ကြော်ငြာစာများကို -

(က) အများပြည်သူသိရှိနိုင်ရန် နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထည့်သွင်းကြေညာရမည့်အပြင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများသို့ ပေးပို့အကြောင်းကြားရမည်။

(ခ) ကုန်သွယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း အလုပ်သမားများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အလုပ်သမားများ သိရှိနိုင်ရေးအတွက် နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ဆောင်ရွက်စေရန် သက်ဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်းများ၏ အလုပ်ရှင်များသို့ပေးပို့အကြောင်းကြားရမည်။

## အခန်း (၉)
## အလုပ်ရှင်၏အခွင့်အရေးနှင့် တာဝန်များ

၄၃။ အလုပ်ရှင်သည်-

(က) မိမိလုပ်ငန်း၏ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ကျွမ်းကျင်မှုအလိုက် လုပ်ခလစာတိုးမြှင့်ပေးရမည်။

(ခ) အလုပ်သမားများ၏စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို ဥပဒေပုဒ်မ ၁၃ (ခ) အရ ပြုစုရာတွင် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေတို့နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားများ မကျန်းမာခြင်း၊ လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ခြင်းများကြောင့် အလုပ်မလုပ်ကိုင်နိုင်သည့်အခါ -

(၁) ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေသို့ ထည့်ဝင်ကြေးပေးသွင်းထားသော အာမခံထားသူဖြစ်လျှင် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အရ သော်လည်းကောင်း၊

(၂) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးမဝင်သော အလုပ်သမားဖြစ်လျှင် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေအရ သော်လည်းကောင်း ဆောင်ရွက်ပေးရမည်။

(ဃ) အလုပ်သမားများ၏ မိသားစု သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့်အခါ ၎င်းအလုပ်သမား ရထိုက်သောအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေအရ ဆောင်ရွက်ပေးရမည်။

(င) ဤဥပဒေအရအမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းမပြုမီ အလုပ်သမားရရှိနေသော အခကြေးငွေသည် သတ်မှတ်ချက်အောက်လျော့နည်းနေပါက သတ်မှတ်ချက်ပြည့်မီသည်အထိ ပေးရမည်။

(စ) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်တွင် အလုပ်လုပ်သည့် အလုပ်သမားအား အလုပ်လုပ်သည့် အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကိုပေးရမည်။

(ဆ) လစားအလုပ်သမားအတွက် ရက်သတ္တပတ်လျှင် တစ်ရက်နားခွင့်ပေးရမည်။ ယင်းနားရက်တွင် အလုပ်လုပ်ရပါက တည်ဆဲဥပဒေနှင့်အညီ အချိန်ပိုလုပ်ခပေးရမည်။

(ဇ) သတ်မှတ်ထားသော အလုပ်ချိန်ထက်လျော့၍လုပ်ရပါက ထိုသို့အလုပ်လုပ်ခြင်းမှာ အလုပ်သမား၏ ဆန္ဒအရမဟုတ်လျှင် သော်လည်းကောင်း အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရလျှင် သော်လည်းကောင်း၊ အချိန်ပြည့်အလုပ်လုပ်ဘိသကဲ့သို့ အခကြေးငွေပေးရမည်။

(ဈ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ပေးရမည်။

(ည) အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့်ပေးရန် တာဝန်ရှိသော်လည်း သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များကို သတ်မှတ်ချက်များနှင့်အညီ အလုပ်သမားများ၏ဆန္ဒအရဖြစ်စေ၊ အလုပ်သမားအများစု၏ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်ဖြင့်ဖြစ်စေ၊ ငွေသားဖြင့်သော်လည်းကောင်း၊ ငွေသားတစ်ချို့တစ်ဝက်နှင့် ဒေသပေါက်စျေးနှုန်းဖြင့် သော်လည်းကောင်း၊ ဒေသဓလေ့ထုံးတမ်းအရ သော်လည်းကောင်း ပေးနိုင်သည်။

(ဋ) အလုပ်သမားများနှင့်ညှိနှိုင်း၍ ဥပဒေနှင့်အညီ အချိန်ပိုခိုင်းစေခြင်း ပြုနိုင်သည်။

(ဌ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသည့် ကျွမ်းကျင်မှုစံ သို့မဟုတ် ထုတ်လုပ်မှုစံနှုန်း ပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်း မရှိသေးသည့် အလုပ်သမားအား အစမ်းခန့်ကာလ မတိုင်မီကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်ပေးရန် လိုအပ်လျှင် ဤဥပဒေအရ သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် သုံးလအချိန်ကာလအတွင်း အနည်းဆုံးအခကြေးငွေ၏ ၅၀% ထက်မနည်းသော လုပ်ခ၊ လစာကို ပေးရမည်။ အစမ်းခန့်ကာလသုံးလအတွင်း အနည်းဆုံးအခကြေးငွေ၏ ၇၅% ပေးရမည်။

## အခန်း(၁၀)
## အလုပ်သမားများ၏တာဝန်နှင့် အခွင့်အရေးများ

၄၄။ အလုပ်သမားများသည်-

(က) မိမိတို့ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အဆင့်နှင့်အညီ ကုန်ထုတ်စွမ်းအား ပြည့်မီစေရန်ဆောင်ရွက်ရမည်။

( ခ) အလုပ်ရှင်စေလွှတ်သည့် ကျွမ်းကျင်မှုသင်တန်းတက်ရောက်ရပါက သင်တန်းတက်ရောက်ပြီးနောက် မိမိကျွမ်းကျင်မှုအဆင့်နှင့်လျော်ညီစွာ ဆက်လက်ထမ်းဆောင်ရန် တာဝန်ရှိသည်။

(ဂ) မကျန်းမာခြင်း၊ လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ခြင်းများကြောင့် အလုပ်မလုပ်ကိုင်နိုင်သည့်အခါ -

(၁) ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေသို့ ထည့်ဝင်ကြေးပေးသွင်းထားသော အာမခံထားသူဖြစ်လျှင် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရသော်လည်းကောင်း၊

(၂) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးမဝင်သော အလုပ်သမားဖြစ်လျှင် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေအရ သော်လည်းကောင်း ခံစားခွင့်ရှိသည်။

(ဃ) မိသားစု သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေအရ ခံစားခွင့်ရှိသည်။

(င) လစား၊ နေ့စား၊ ပုတ်ပြတ်အလုပ်သမားများသည် ခွင့်ပြုပြီးသည့်ခွင့်ရက်နှင့်အများပြည်သူဆိုင်ရာ အလုပ်ပိတ်ရက်များကို ခံစားခွင့်ရှိသည်။

(စ) အလုပ်တွင် ကျွမ်းကျင်ပြီး လုပ်ရည်ကိုင်ရည်ရှိသော အလုပ်သမားအားပေးထားသည့် အခကြေးငွေသည် အနည်းဆုံးအခကြေးငွေထက် ပိုမိုပါက ထိုအခကြေးငွေသည် ဆက်လက်အတည်ဖြစ်စေရမည်။

(ဆ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရဖြစ်စေ သဘောတူလက်ခံသည့် အခကြေးငွေသည် အနည်းဆုံးအခကြေးငွေထက် လျော့နည်းလျှင် ထိုအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်သို့မဟုတ် ပဋိညာဉ်စာချုပ်ပါ အခကြေးငွေသတ်မှတ်ချက်သည် ပျက်ပြယ်စေရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၅။ ဦးစီးဌာနသည် -

(က) ဥပဒေပုဒ်မ ၁၉ အရ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက အနည်းဆုံးအခကြေးငွေ ပေးဆောင်ရန်ဆုံးဖြတ်ပါက ထိုဆုံးဖြတ်ချက်အရ အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးသွင်းရန် အလုပ်ရှင်ထံမှ တောင်းခံရမည်။

(ခ ) တောင်းခံသည့်အတိုင်း ရရန်ရှိသောအခကြေးငွေများကို အလုပ်ရှင်က ပေးသွင်းပါက ထိုငွေကို အလုပ်သမားအားပေးရမည်။

